# မြန်မာနိုင်ငံ၏အခွန်အကောက်များအပေါ် **မြို့ပြနေပြည်သူများ၏သဘောထားအမြင်**

မြန်မာနိုင်ငံရှိမြို့ ၃မြို့ မှ
လူဦးရေပေါင်း ၁၄၀၀ ကိုအခွန်အကောက်များအပေါ် ၎င်းတို့မည်သို့သဘောထားသည်ကို မေးမြန်းခဲ့သည်။

---

## တွေ့ရှိချက်များ

**၉၄%** သည် သင့်လျော်မျှတသော အခွန်ပေးဆောင်ခြင်းသည် **နိုင်ငံသားတိုင်း၏ ပြည်သူ့တာဝန်** ဖြစ်သည်ဟု သဘောတူလက်ခံကြသည်။

**၈၁%** သည် နိုင်ငံသားများအနေဖြင့် အစိုးရနှင့် သဘောထားမတိုက်ဆိုင်သည့်တိုင်အောင် **အခွန်များကို အမြဲပေးဆောင်သင့်သည်** ဟု သဘောတူလက်ခံကြသည်။

**၆၆%** သည် ပိုမိုကောင်းမွန်သော စည်ပင်သာယာရေးဝန်ဆောင်မှုများ ရရှိမည်ဆိုပါက **ပစ္စည်းခွန်ကို တိုးမြှင့်ပေးဆောင်မည်** ဟု ဖြေဆိုကြသည်။

လူအများစုက **အခွန်များသည် တရားမျှတမှုရှိသည်**ဟု ထင်ကြသည်။

ဤအခွန်များကို မျှတသည်ဟု လက်ခံကြသည့် စစ်တမ်းဖြေဆိုသူရာခိုင်နှုန်းများမှာ




ဝင်ငွေခွန်
**၇၀%**




ကုန်သွယ်ခွန်
**၇၀%**




ပစ္စည်းခွန်
**၇၂%**

**၆၀%** သည် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်နှင့် ပစ္စည်းခွန်တို့မှ ရရှိသောဘဏ္ဍာငွေအများစုအား **မည်သည့်အစိုးရ အဆင့်များက လက်ခံရရှိသည်ကို မသိကြပါ**ဟု ဖြေဆိုကြသည်။

သို့သော် **၈၉%** သည် ၎င်းတို့ပေးဆောင်ရမည့် အခွန်များနှင့် ပတ်သက်၍ ပိုမိုရှင်းလင်းသော သတင်းအချက်အလက်များနှင့် အစိုးရက အခွန်များကို မည်သို့သုံးစွဲနေသည် ဆိုသော **သတင်းအချက်အလက်များပိုမိုရယူလို**ကြောင်း သဘောတူလက်ခံကြသည်။

စစ်တမ်းဖြေဆိုခဲ့သော **မြို့ပြနေပြည်သူများသည်** ကျေးလက်နေပြည်သူများထက် **အခွန်အကောက်များအပေါ် ပို၍ အကောင်းမြင်** သဘောထားများရှိကြသည်။





**၈၁%** သော မြို့ပြနေစစ်တမ်းဖြေဆိုသူများက အစိုးရနှင့် သဘောထားချင်း မတိုက်ဆိုင်သည့်တိုင်အောင် အခွန်များကို အမြဲပေးဆောင်သင့်သည်ဟု သဘောတူကြသည်။

**၅၀%** သော ကျေးလက်နေစစ်တမ်းဖြေဆိုသူများက အစိုးရနှင့် သဘောထားချင်း မတိုက်ဆိုင်သည့်တိုင်အောင် အခွန်များကို အမြဲပေးဆောင်သင့်သည်ဟု သဘောတူကြသည်။

**မြို့ပြနေပြည်သူများသည်** အစိုးရက ခန့်မှန်းထားသလောက် အခွန်များအပေါ် **အဆိုးမမြင်ကြပါ။**

အစိုးရအရာရှိ ၄၀ ခန့်အား ပြည်သူများ၏ သဘောထားအပေါ် ခန့်မှန်းချက်ကို မေးမြန်းခဲ့ရာ ပို၍အဆိုးမြင်သည်ကို တွေ့ရသည်။ ၎င်းတို့ခန့်မှန်းခဲ့သည်မှာ -

**၆၄%** သာလျှင် သင့်လျော်မျှတသော **အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားတိုင်း၏ ပြည်သူ့တာဝန်ဖြစ်သည်**ဟု ဖြေဆိုကြမည်။

မြန်မာနိုင်ငံ၏ မူဝါဒချမှတ်သူများသည် **အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးကို ဂရုတစိုက်နှင့် ဟန်ချက်ညီအောင် လုပ်ဆောင်ရမည်** ဖြစ်သည်။

စနစ်တကျရေးဆွဲထားခြင်းမရှိသော (သို့) အသိပေးပြောဆိုမှုအားနည်းသော ပြုပြင်ပြောင်းလဲရေးသည် ပြည်သူများ၏ ထောက်ခံမှု အားနည်းနိုင်သည်။ သို့သော် ယခုလို ပြည်သူများက ပြုပြင်ပြောင်းလဲမှုကို လက်ခံနိုင်မှုများနေချိန်တွင် ပြုပြင်ပြောင်းလဲရေး မလုပ်နိုင်ခဲ့ပါက အစိုးရအနေနှင့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဘဏ္ဍာငွေများ ဆုံးရှုံးလိမ့်မည်ဖြစ်သည်။



* From McCarthy, Gerard (2016)

# အကြံပြုချက်များ

- **အခွင့်အခါကောင်းကို ဖမ်းဆုပ်ပြီး** အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးကို ပိုမိုရည်မှန်းချက်ထား လုပ်ဆောင်ရမည်။

- **ပြည်သူများ၏ အခွန်စနစ်အပေါ် နားလည်မှုကို မြှင့်တင်ရမည်။**

  အခွန်စနစ်ကို မရှုပ်ထွေးပါစေနှင့်။ အခွန်ဆိုင်ရာ ပညာပေးလုပ်ငန်းများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပါ။ မည်သည့်အခွန်များအား ပေးဆောင်ရမည်နှင့် အခွန်များအား မည်သို့အသုံးပြုနေသည်ကို ချပြရှင်းလင်းပါ။

- အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ပိုမိုလွယ်ကူစွာ လုပ်ဆောင်နိုင်ရန်နှင့် ပြည်သူများ၏ အစိုးရအပေါ် သဘောထားအမြင်များ ပိုမိုကောင်းမွန်လာစေရန်အတွက် **အစိုးရ၏ အခွန်ဆိုင်ရာ မူဝါဒများအား အသိပေးပြောဆိုမှုကို တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ရမည်။**

# သဘောတရားရေးရာမူဘောင်

ဤသုတေသနတွေ့ရှိချက်အရ အခွန်အကောက်များအပေါ် သဘောထားအမြင်များကို နိုင်ငံသားများအကြားရှိသော ရဲဘော်ရဲဘက်စိတ်၏အင်အား၊ ပြည်သူများ၏ လိုအပ်ချက်များအပေါ် အစိုးရ၏ တုံ့ပြန်ဖြည့်ဆည်းပေးမှု၊ ပေးကမ်းရက်ရောမှုနှင့် နိုင်ငံသားများ၏ အခွန်စနစ်အပေါ် နားလည်သဘောပေါက်မှုတို့က လွှမ်းမိုးသည်။




- **မြန်မာနိုင်ငံသားများသည် အလှူပေးကမ်းရက်ရောကြပြီး** အများပြည်သူ အကျိုးစီးပွားဖြစ်ထွန်းစေမည့် အရာများနှင့် လူမှုရေးကိစ္စများအတွက် ကူညီထောက်ပံ့ပေးလိုကြသည်။ အထူးသဖြင့် ယခုကဲ့သို့ မြန်မာ့သမိုင်း တစ်လျှောက် ထူးခြားသောအပြောင်းအလဲကာလတွင် ဖြစ်သည်။

- **လက်ရှိအခွန်ပေးဆောင်မှုအတွေ့အကြုံသည်**ပင် အစိုးရအပေါ်ယုံကြည်မှုကို လျော့ကျစေနိုင်ပြီး အခွန်များကောက်ယူနိုင်ရန်အတွက်လည်း ခက်ခဲစေသည်။


- **အခွန်ဆိုင်ရာနားလည်မှု နည်းပါးခြင်း၊** အခွန်ဆိုင်ရာပညာပေးမှုများ မပြည့်စုံခြင်းနှင့် အခွန်ဆိုင်ရာမူဝါဒ အပြောင်းအလဲများကို အသိပေး ပြောကြားမှုအားနည်းခြင်းတို့သည်ပင် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို အဟန့်အတားဖြစ်စေသည်။

# သုတေသနနည်းလမ်း

ဤအစီရင်ခံစာသည် ၂၀၁၇ ခုနှစ် မြို့ပြလူနေမှုဘဝစစ်တမ်းမှ ကောက်ယူရရှိသော သတင်းအချက်အလက်များကို အသုံးပြုထားသည်။ ဤစစ်တမ်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး မြို့ပြတွင် နေထိုင်ကြသူများ၏ ဘဝအတွေ့အကြုံများနှင့် ပြည်သူများ၏ သဘောထားများကို လေ့လာထားသည့် မေးခွန်း ၁၁၈ ခုဖြင့် လူဦးရေပေါင်း ၁၄၀၀ ကို မေးမြန်းခဲ့သည်။ စစ်တမ်း တွေ့ရှိချက်များကို ထပ်မံအတည်ပြုရန် အဖွဲ့လိုက်ဆွေးနွေးမှု ၂ ခု ကိုလည်း ပြုလုပ်ခဲ့သည်။

တောင်ကြီးမြို့ ဘားအံမြို့ ရန်ကုန်မြို့တွင် မြောက်ဒဂုံမြို့နယ်၊ သာကေတ မြို့နယ်နှင့် ကျောက်တံတားမြို့နယ်များတွင်စစ်တမ်းကောက်ယူခဲ့သည်။ တွေ့ရှိချက်များသည် မြို့များအားကိုယ်စားပြုနိုင်ရန် ဖော်ပြပါမြို့နယ်များ၏ မြို့ပြနယ်နိမိတ်အတွင်းတွင် စစ်တမ်းဖြေဆိုသူများကို ကျပန်းစနစ်ဖြင့်ရွေးချယ်ခဲ့သည်။ တွေ့ရှိချက်များသည် ရန်ကုန်မြို့နေပြည်သူအားလုံးကို ကိုယ်စားမပြုသလို မြန်မာနိုင်ငံရှိ လူဦးရေအားလုံးကိုလည်း ကိုယ်စားမပြုပါ။

အခွန်အရာရှိ အယောက်(၄၀)အားလည်း အခွန်အကောက်များအပေါ် ပြည်သူများ၏ သဘောထားအမြင်များနှင့်ပတ်သက်၍ ၎င်းတို့ ထင်မြင်ချက်ကို ဆန်းစစ်ရန် စစ်တမ်းဖြေဆိုစေပြီး မေးခွန်းများလည်း မေးမြန်းခဲ့ပါသည်။




"မြန်မာနိုင်ငံ၏ အခွန်အကောက်များအပေါ် မြို့ပြနေပြည်သူများ၏ သဘောထားအမြင်" အစီရင်ခံစာ အပြည့်အစုံအား www.asiafoundation.org တွင် ရယူနိုင်ပါသည်။


The Asia Foundation
Improving Lives, Expanding Opportunities